Saturday, May 31, 2008

## ဂန်ကြီးနဲ့ ဘန်ကြီး နာမ်နိမ်ခံရခြင်း။







ဂန်နဲ့ ဘန် နာမ်နိမ်ခံရခြင်း (ဂန်ဘာရီနဲ့ ဘန်ကီမွန်း နာမ်နိမ်ခံရခြြင်း) ဆိုတော့ ဘာများဖြစ်လို့ လည်းဆိုပြီး ထူးဆန်းကောင်း ထူးဆန်းသွားပေမယ့်၊ ဒါမျိုးတွေကို လုပ်ရိုးလုပ်နေကျအတိုင်း လုပ်လေ့ရှိတဲ့ နအဖတွေအကြောင်း သိထားသူတွေကတော့ နာမ်နိမ်တယ်၊ ယတြာချေတယ်ဆိုတာ ခဏခဏကြားနေကြမို့ လို့ မြန်မာပြည်သူတွေအတွက် အထူးအဆန်းတော့ မဟုတ်ပါဘူး။

ဒါပေမယ့်လည်း အခုဟာက ကိုယ့်ရဲ့ မြန်မာပြည်ဖွား ပြည်သူများအပေါ် မှာ နာမ်နိမ်တာမဟုတ်ဘဲ နိုင်ငံခြားသားတွေအပေါ် မှာပါ လုပ်လာတာတွေ့ ရတော့၊ အထူးသဖြင့် ကမ္ဘာကြီးကို အုပ်ချုပ်နေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေအပေါ် မှာပါ အစီအစဉ်တကျနဲ့ အကွက်ဆင်လုပ်လာတာတွေ့ ရတော့ ထူးတော့ထူးဆန်းပါတယ်။

ဂန်ဘာရီနဲ့ ဘန်ကီမွန်းနှစ်ဦးစလုံး ဘယ်လို နာမ်နိမ်ခံရလည်းဆိုတာ မပြောခင် အာဏာရှင်တွေရဲ့ အောက်တန်းကျကျ အောက်လမ်းနည်းတွေနဲ့ ဘယ်လို နာမ်နိမ်လေ့ ယတြာခြေလေ့ရှိကြလည်းဆိုတာ ပြန်ကြည့်ကြရအောင်။

အာဏာရာထူးကနေ အနေကြာပြီး အာဏာမြဲဖို့ အတွက် "နေကြာ" ပန်းတွေ စိုက်ခိုင်းတာတွေလုပ်ခဲ့တဲ့အပြင်၊ မဆလခေတ်တုန်းကလည်း အာဏာလက်လွှတ်ဖြစ်ပြီး အပြောင်းအလဲတွေဖြစ်မှာ ပြောင်းပြေးရမှာကြောက်လို့ မပြောင်းဖူးလို့ အယူရအောင် "ပြောင်းဖူး" ပင်တွေ စိုက်ခိုင်းခဲ့ကြတယ်။

"စုကြည်" (ဒေါ်အောင်ဆန်းစုကြည်ကို အောင်ဆန်းနာမည်ဖျောက်ပြီး နအဖတွေ ခေါ်ဂေါ် လေ့ရှိရတဲ့အမည်) ကို ဓါတ်ရိုက်ဓါတ်ဆင်နဲ့ နာမ်နိမ်ဖို့ အတွက် "ကြက်ဆူ" ပင်တွေ စိုက်ခိုင်းခဲ့တာတွေ လုပ်ခဲ့ကြတယ်။ ဒါကို ပြည်သူအချို့ က သဘောပေါက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို နာမ်နိမ်လို့ မရအောင် "ဖီးကွက်" ရုပ်ကလေးတွေ ပြန်ဆောင်ထားပေးကြတယ်။

သန်းရွှေ ရဲ့ ဆရာကြီးများလက်ထက် မဆလခေတ်ကလည်း ငွေစက္ကူတွေမှာလည်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဖိုးလှကြီး၊ ဆရာစံ အစရှိတဲ့ တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေရုပ်ပုံနေရာမှာ တိုးနယားလို တိရစ္ဆာန်အကောင်ပုံတွေနဲ့ အစားထိုးပြီး အဆိုပါ လူထုခေါင်းဆောင်ကြီးတွေရဲ့ သမိုင်းဂုဏ်ရောင်ကို မှေးမှိန်ပြောက်ပျက်စေဖို့ နာမ်နိမ်တာတွေ လုပ်ခဲ့ကြတယ်။

ဒီအပြင် မဆလခေါင်းဆောင်ကြီးတွေ နဝတ နအဖခေါင်းဆောင်ကြီးတွေက သူတို့ ကိုယ်သူတို့ ပဒေသရာဇ်မင်းသဖွယ်သဘောထားပြီး မင်းနိုင်ငံတော်ဖြစ်ဖို့ အတွက် မင်းဧကရာဇ်တစ်ပါးပေါ် တာမျိုးလို မင်းလောင်းကြိုဆိုဖို့ အတွက် သစ်ပင်တွေ တံတားတွေ အဆောက်အဦးတွေကို ထုံးအဖြူ လိုက်သုတ်ခိုင်းခဲ့တယ်။

ပျဉ်းမနား (စကားပြောင်းပြန် - ပျားမနင်း) ကြပ်ပြေးရွာကို နေပြည်တော်ဆိုပြီးအမည်တပ်ကာ နအတွေ ပြောင်းပြေးကြတာလည်း အားကိုအားထားအတိုင်ပင်ခံ ဘိုးတော်အတုအယောင် အောက်လမ်းဆရာတွေရဲ့ အကြံပေးလမ်းညွှန်ချက်ကြောင့် ဖြစ်တယ်။ အကြပ်အတည်းဖြစ်ရင် ပြေးလို့ ကောင်းတဲ့ ကြပ်ပြေးလိုနေရာဟာ တောတောင်အလယ်မှာဖြစ်တဲ့အတွက် ရန်သူလေယာဉ် မပြောနဲ့ ပျားတောင်လာမနင်းနိုင်လို့ အဲ့ဒီနေရာ ပျဉ်းမနား ကြပ်ပြေးကိုပြောင်းပါ။ အဲ့ဒီမှာ နေပြည်တော်ဆိုပြီး မြို့တော်တည်ပါဆိုပြီး ခပ်ကြောင်ကြောင် အကြံပေးတွေကြောင့် နအဖတို့ အခြေစိုက်ရာဒေသ ဖြစ်သွားတာ။ အများသိကြတဲ့အတိုင်း နအဖတွေ ကြောက်တတ်လွန်းတဲ့ တဘောင်တွေ နမိတ်တွေပေါ် လာလို့ ရှိရင် သူတို့ ရဲ့ အကြံပေးဘိုးတော်တုတွေကို ကမန်းကတန်း အပြေးအလွှားတိုင်ပင်လေ့ရှိကြတာ သန်းရွှေ ရဲ့ ကြင်ယာတော်ကြီး ကြိုင်ကြိုင်တစ်ယောက်က ထိပ်ဆုံးကဆိုရင် မမှားပါဖူး။ မင်းပြောင်းမင်းလွှဲဖြစ်မယ် မင်းလောင်းပေါ် မယ်လို့ တိုင်းပြည်အတွင်းမှာ တဘောင်နမိတ်ထွက်လာတော့ ကြိုင်ကြိုင်ကြီးခမျာ သူရဲ့ မောင်တော်အိုကြီး အသက်ကြီးကမှ အာဏာပြုတ်ပြီး ပြည်သူလက်ချက်နဲ့ မရှုမလှဖြစ်မှာ စိုးရိမ်ပြီး၊ ဘိုးတော်အတုတွေဆီကနေ အကြံတွေ အတင်းပေးခိုင်းတော့ စားဖို့ ဂါးဖို့ မျက်နှာသာရဖို့ အကွက်ဂင်တဲ့ ဘိုးတော်တုက ပေါ် မယ့်မင်းလောင်း မပေါ် ရလေအောင် ယတြာခြေ နာမ်နှိမ်ထားဖို့ လိုပါတယ်ဆိုပြီး သကြားမင်း ဗြမ္မာမင်းတော့ မရနိုင်ဖူး လူမင်းတစ်ဦးဦးကိုတော့ နာမ်နှိမ်မှ ဖြစ်မယ်ဆိုတော့ အခြားနိုင်ငံ (ထိုင်း၊ ဘရူနိုင်း စသဖြင့်) က ဘုရင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ ဘုရင်မင်းတွေကို သွားလုပ်လို့ မရ

အဖြစ်ဆိုတော့၊ ပြည်တွင်းဖြစ် နာမည်ရှိတဲ့ ရုပ်ရှင်မင်းသားချော ကိုလူမင်းကို ယတြာခြေတဲ့အနေနဲ့ လက်ထပ်ပါဆိုပြီး အကြံပေးတာကြောင့် မင်းသားကိုလူမင်းကို ကြိုင်ကြိုင်တစ်ယောက် ယတြာခြေ နမ်နိမ်တဲ့အနေနဲ့ လက်ထပ်ပြ၊ ပျားရည်ဆမ်းခရီးတွေ ထွက်ပြနဲ့ လုပ်လိုက်ရပါသေးတယ်။

ရွှေတိဂုံစေတီ ငှက်မြတ်နားနဲ့ ထီးတော် စိန်ဖူးတော်အနားမှလည်း ရွှေနဲ့ ပြုလုပ်ထားတဲ့ "ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် မိသားစုမှ လှူဒါန်းသည်" စာတန်းဆိုင်းဘုတ်ကို တက်ချိတ်ထားတာလည်း ပေါ်တင်ကြီးပါဘဲ။ သမိုင်းအစဉ်အလာအဆက်ဆက်ကနေ သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီတစ်ဆူအပေါ်မှာ ဘုရားတည်ခဲ့သူတွေ စောင့်ရှောက်ခဲ့ကြတဲ့သူတွေ ပြုပြင်ထိန်းသိမ်းခဲ့ကြတဲ့ နတ်လူပုဂ္ဂိုလ်တွေ အမည်နာမ တစ်ခုမှ မှတ်တမ်းတင်တက်ချိန်ထားတာ မရှိခဲ့ပါဖူး။ သန်းရွှေ ကောင်းမှုကို ဘုရားထီးတော်အနားမှာ စာတန်းတက်ချိန်တားတာဟာ ဘုရားဖူးလာကြတဲ့ တော်ရုံတန်ရုံသူတွေ မမြင်ရပါဖူး။ ဒီလိုလုပ်တဲ့ ရည်ရွယ်ချက်ကတော့ ထုံးစံအတိုင်း အာဏာရူးကြီး သန်းရွှေ ဘုန်းတန်ခိုးတက်ရအောင် ဘုရားနဲ့ အပြိုင် ယှဉ်ပြိုင်လုပ်ပြီး ဘုရားဖူးလာသူတွေ ရှိခိုးတိုင်း သူ့ရဲ့ အမည်နာမကိုပါ ရှိခိုးပြီးသား ဖြစ်နေအောင် မကြံကောင်း မကြံစည်ရာကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာနဲ့ လုပ်လိုက်တာပါ။

မဆလခေတ် သန်းရွှေရဲ့ ဆရာကြီး နေဝင်းကလည်းဘဲ ရွှေတိဂုံဘုရားနဲ့ အပြိုင် အနီးအနားမှာ မဟာဝိဇယစေတီတော်ကို တည်ခဲ့ပါတယ်။ မဆလအာဏာရှင်ကို ဆန့်ကျင်တော်လှန်တဲ့ ကျောင်းသူကျောင်းသားတွေ ပြည်သူတွေဟာ ထင်ပေါ်ကျော်ကြားတန်ခိုးကြီးတဲ့ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်တက်ကာ အောင်မြေနင်းရာအရပ်ဌာနအဖြစ် အောင်မြေနင်းပြီး အဓိဋ္ဌာန်ပြုကြ တိုင်တည်ကြ ဆုတောင်းကြ သစ္စာဆိုကြနဲ့ ပြုလုပ်လေ့ရှိတာမို့၊ ဒါနဲ့ အပြိုင်ဖြစ်ရအောင် မဆလအာဏာရှင်တွေကလည်း အောင်မြေနင်းတာတွေ ယတြာခြေတာတွေလုပ်ဖို့ ဆိုပြီး ရွှေတိဂုံဘုရားနဲ

့အနီးကပ် မဟာဂိဇယစေတီတော်ကို ဘုရားစေတီအပြိုင်တည်ခဲ့တာပါ။

နအဖတွေဟာ သူတို့ကိုယ်သူတို့ တန်ခိုးကြီးထွားတဲ့ စစ်ဘုရင်တွေလို သဘောထားပြီး သူတို

့သွားလာလှည့်လည်တဲ့အခါ ပြည်သူတွေကို လက်အုပ်ချီခိုင်းပြီး ဆက်ဆံစေတာလည်း ပြည်သူတွေရဲ့

အရှိန်အဝါကို တမင်သက်သက် ချိုးနှိမ်ထားတာဘဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ရိုးရာယဉ်ကျေးမှုအရ

လက်အုပ်ချီကန်တော့ရတာ အနန္တောအနန္တဂိုဏ်းဝင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ဆရာဘဲရှိတယ်။ ဒီတော့

နအဖတွေက သူတို့ကိုယ် သူတို့ ဒီ

အနန္တောအနန္တဂိုဏ်းဝင်တွေနဲ့ ဘဲ တန်းတူသဘောထားနေကြတယ်။ ပြည်သူတွေကို ကျွန်ခေတ်က

ကျွန်တွေလိုလည်းသဘောထားနေကြတယ်ဆိုတာ သိသာထင်ရှားတယ်။

တစ်လောကလည်း သန်းရွှေနဲ့ ကြိုင်ကြိုင်တို့ ညသန်းခေါင်ယံအချိန်မှာ ရေ

ွတိဂုံဘုရားရင်ပြင်တော်ပေါ်တက်ပြီး ခွေးနဲ့ ဂက်ကိုလက်တစ်ဘက်ဆီကဆွဲပြီး လက်ဝဲရစ် ပြောင်းပြန်ပတ်ပြီး

ပါးစပ်ကလည်း ခွေးလိုအူပြရတယ်။ သူတို့ရဲ့ လက်ရုံးကြီးတွေဖြစ်တဲ့ ဘိုးတော်တုတွေရဲ့ အကြံပေးချက်အရ

အာဏာပလ္လင်ထက်ကနေ ခွေးကျကျပြီး ခွေးမဖြစ်ရလေအောင် ယတြာခြေလိုက်တာ။

ကြိုင်ကြိုင်ဟာ နေပြည်တော်က သူတို့နေအိမ်မှာ သူတို့မိသားစုလောက်ဘဲခေါ်ပြီး မင်းဂုတ်မင်းစားတွေ

ဂုတ်၊ မင်းအခမ်းအနားပုံစံပြုလုပ်ပြီး မယ်မယ်ကြီးဘုရားခေါ်ခိုင်းတာတွေဟာလည်း သူတို့ဖာသာ

ရူးနေကြပြီး ဘုရင်စိတ်ပေါက်နေကြတာ။

အာဏာရူးစိတ်တွေ၊ ဘုရင်ရူးစိတ်တွေလောက်တင်မကဘဲ ဒီထက်တောင်ပိုပြီး မြေလျှိုးလို

့မိုးပျံချင်စိတ်တွေကပါ ထကြွလာတော့ မကြံစည်အပ်တာတွေပါ ကြံစည်လာတယ်။

ဇော်ဂျီဖိုဂင်သားစားရင်တော့ ကျိန်းသေပေါက် မြေလျှိုးမိုးပျံလို့ရမယ်ဆိုပြီး၊

သာမညတောင်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလပ်တော်ကို ခိုးယူခိုင်းခဲ့တယ်။ လက်ပါးစေ

ဘိုးတော်တုတွေရဲ့ အကြံပြုချက်အရ ဖိုဂင်သားမို့ လို့ ဆိုပြီး နေပြည်တော်မှာ သာမညတောင်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလပ်တော်ကို သန်းရွှေ့တို့ ကြိုင်ကြိုင်တို့ က ဦးဆောင်ပြီး မီးဖုတ်စားကြပါသတဲ့.။

သန်းရွှေ့နဲ့ ကြိုင်ကြိုင်တို့ နအဖခေါင်းဆောင်အရူးတွေဟာ ကိုယ်တိုင်းပြည်အတွင်းမှာ အရူးထလုပ်ချင်ရာလုပ်နေရုံတင်မကဖူး၊ အခုဆိုရင် ကုလသမဂ္ဂနဲ့ နိုင်ငံတကာက နာဂစ်မုန်တိုင်းဘေးဒုက္ခအပေါ် အခြေခံပြီး မြန်မာပြည်အရေးကို ဂင်ရောက်ဖြေရှင်းမယ့် အခြေအနေရောက်လာတော့ ကြောက်ဒူးတုန်ပြီး အားကိုးရာမဲ့ဖြစ်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ လုပ်ခဲ့သမျှနာမ်နိမ်တာတွေ ယတြာခြေတာတွေကလည်း ကမ်းကုန်နေပြီဆိုတော့ အတော့်ကို အကြံခက်နေပြီ။

နောက်ဆုံး ထုံးစံအတိုင်း လက်ရုံးကြီးတွေဖြစ်တဲ့ ဘိုးတော်တုတွေ အောက်လမ်းသမားတွေ မော်ဆရာယောင်ယောင်တွေကို ကမန်းကတန်း ကယ်ပါဦး အကြံပေးပါဦးဆိုပြီး မေးမြန်းကြရတယ်။ ဒီတော့ ရလာတဲ့အကြံကတော့ အရင်တုန်းက ယတြာခြေတဲ့အနေနဲ့ ရော၊ သန်းရွှေ့ ဘုန်းတန်ခိုးကြီးဖို့ အတွက်ရော စီမံထားထားတဲ့ သန်းရွှေ့မျက်နှာနဲ့ ထုလုပ်ထားတဲ့ ကျောက်စိမ်းဘုရားဆင်းတုတော်တစ်ဆူ ရွှေ့တိဂုံဘုရားမှာ ရှိနေတာကို သတိရလာကြတယ်။ ဒီ သန်းရွှေ့မျက်နှာတော်နဲ့ ဘုရားဆင်းတုတော်ထုလုပ်ထားတာ လူတွေက မယုံကြည်ကြသေးဖူး။ သန်းရွှေ့မျက်နှာနဲ့ ဆင်တူတာပါ၊ ဘုရားဘဲ ဘယ်ဘုရားဘဲ ရှိခိုး ရှိခိုးပေါ့ဆိုတာတွေကို ပြည်သူတွေက ရိုးရိုးသားသားတွေးမိကြပေမယ့်၊ သန်းရွှေ့တို့ က တမင်ရည်ရွယ်ပြီး အကြံနဲ့ စီမံပြုလုပ်ခဲ့တာကိုတော့ သိဖို့ လိုပါတယ်။

ရွှေ့တိဂုံဘုရားထီးတော်အနားမှာ သန်းရွှေ့နှင့် မိသားစုကောင်းမှု ဆိုင်းဘုတ်ချိတ်တာတို့၊ ဘုရားဆင်းတုတော်မျက်နှာတော်ကို သန်းရွှေ့မျက်နှာနဲ့ ထုလုပ်တာတို့ ဟာ မြတ်စွာဘုရားကို

ဦးတည်ရည်မှန်းရှိခိုးတိုင်း သန်းရွှေ့ကို ရှိခိုးနေရတာမျိုး လုပ်ထားတာ ဖြစ်တယ်။

စောစောကပြောသလို မြန်မာပြည်အရေး ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ ကုလသမဂ္ဂကပါ လက်တွေ့ ဖြေရှင်းဖို့ အင်အားပြပြီး မြန်မာနိုင်ငံအတွင်း ဝင်လာတော့မယ့် အခြေအနေကနေ လွတ်ကင်းအောင်၊ သန်းရွှေ့တို့ နအဖအာဏာရူးတွေရဲ့ အသက်အန္တရာယ်ထိခိုက်လာတော့မယ်ဆိုတာ တွေးပြီး ကြောက်ရွံ့ထိတ်လန့်နေကြတာ။

ဒါနဲ့ ဘိုးတော်တုတွေရဲ့ အကြံပေးချက်အရ မြန်မာပြည်ကို လာရောက်ပြောဆိုတဲ့ ဂန်ဘာရီကြီးကို သန်းရွှေ့မျက်နှာနဲ့ ဘုရားဆင်းတုတော်ရှိရာကို ခေါ်သွားပြီး တရိုတသေလုပ်ခိုင်းတယ်။ တစ်ဘက်လှည့်နဲ့ဆွဲဆောင်ပြီး လက်နှစ်ဘက်အစုံနဲ့ တောင်းပန်ခယတဲ့ပုံစံနဲ့ ဖြစ်အောင် လုပ်ခိုင်းတယ်။

ဂန်ဘာရီကြီးတင်မကဖူး မကြာသေးခင်က ရောက်လာခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကြီး ဘန်ကီမွန်းကြီးကိုလည်း ဒီလိုတစ်ပုံစံထဲလုပ်ခိုင်းခဲ့တယ်။ မတူညီတဲ့အချိန်ကရောက်လာခဲ့ကြတဲ့ ဂန်ဘာရီရော ဘန်ကီမွန်းကိုပါ နာမ်နှိမ်တဲ့အနေနဲ့ သန်းရွှေ့မျက်နှာနဲ့ ဘုရားဆင်းတုတော်ကို ခယယယ အရိုအသေပေးခိုင်းခြင်းအားဖြင့် သန်းရွှေ့ကို ဘုန်းတန်ခိုးမြှင့်ပေးစေတာမျိုးဖြစ်အောင်၊ ဂန်နဲ့ ဘန်တို့ကို သန်းရွှေ့ရဲ့ လက်အောက်ငယ်သားသဖွယ်အနေအထားမျိုးနဲ ဆက်ဆံနေတဲ့ပုံစံဖြစ်အောင် တမင်နာမ်နှိမ်ခဲ့တယ်ဆိုတာ အားလုံးသုံးသပ်ကြည့်ရင် သိသာထင်ရှားပါတယ်။

ဘုရားဆင်းတုတော်ကိုလည်း ဒီလို သန်းရွှေ့မျက်နှာနဲ့ တမင်ထုလုပ်ထားတဲ့ရည်ရွယ်ချက်ဟာလည်း အစီအစဉ်ရှိရှိနဲ့ ဖန်တီးခဲ့တာဆိုတာလည်း ပေါ်လွင်ထင်ရှားပါးတယ်။ ဂန်ဘာရီနဲ့ ဘန်ကီမွန်းရဲ့ အဖြစ်အပျက်ဟာ တစ်ပုံစံထဲ ထပ်တူထပ်မျှကြနေတာ တွေ့မြင်ရပါတယ်။

ဒီတော့ဗျာ မြန်မာပြည်ကို မလာရောက်ခင်တုန်းကတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ လေကြီးမိုးကြီးတွေနဲ့ ပြောပြောပြီ လာခဲ့တဲ့ ဂန်ဘာရီရော ဘန်ကီမွန်းရော နအဖသန်းရွှေ့ရဲ့

အောက်တန်းကျကျ အောက်လမ်းနည်းတွေနဲ့ သုံးပြီး ယတြာခြေနာမ်နိမ်တဲ့ လက်နက်ကြီးနဲ့ တွေ့သွားတော့ အခုခေါတ်မှီလပ်နက်ပစ္စည်းတွေတောင် မသုံးနိုင်တော့လောက်အောင် သဘောထားတွေပြော့ပြောင်းပြီး နေရပ်ကိုပြန်သွားကြလေရဲ့ ဗျာ။

ဂန်ကြီးနဲ့ ဘန်ကြီးတို့ တော့ ဒီလိုနာမ်နိမ်ခံလိုက်ရတာ သိတောင် သိပ့်ါမလား မသိဖူး။

(နစ်နေမန်း)